# မစုစုနွေးကို ကော့မှူးမြို့နယ်တရားသူကြီးက ထောင်ဒဏ် အမိန့်ချမှတ်

ဉာဏ်မောင် ( ၁၃-၁၀-၀၅)ရိုးမ ၃ သတင်းဌာန

အဓမ္မလုပ်အားပေးခိုင်းစေခဲ့သော အာဏာပိုင်များကို ထောင်ကျသွားအောင် တရားစွဲဆိုခဲ့သော ကော့မှူးမြို့နယ် ထန်းမနိုင်ရွာမှ မစုစုနွေးကို ရပ်ကွက်အာဏာပိုင်များအားဆဲဆိုခြိမ်းခြောက်သည်ဟု စွပ်စွဲပြီး တရားစွဲဆိုသည့် အမှုအား ယနေ့ နေ့လည် ၁၂ နာရီအချိန်တွင် ကော့မှူးမြို့နယ်တရားရုံးမှ ထောင်ဒဏ် တနှစ်နှင့် ၆ လ အမိန့် ချမှတ်လိုက်သည်၊

မစုစုနွေးကို ယခုနှစ်အတွင်း ထန်းမနိုင်ရွာ၌ ရယက ဥက္ကဌအသစ်ဖြစ်လာသူ ဦးတင်အေး က ရပ်ကွက်လူကြီးအား ဂုဏ်သိက္ခာ ကျဆင်းအောင် ဆဲဆိုမှုဖြင့် ကော့မှူးမြို့နယ်တရားရုံးတွင် လွန်ခဲ့သည့် မေလ (၁၂)ရက်နေ့က တရားစွဲဆိုခဲ့သည်။ ယင်း အမှုကို ကော့မှူးမြို့နယ်တရားသူကြီးဒေါ်ဌေးဌေးဝင်းက စီရင်ချက်များ နှင့်အမိန့် ကို ဖတ်ကြားပြီး ယခုကဲ့သို့ အပြစ်ဒဏ်ချမှတ် လိုက်ခြင်းဖြစ်သည်၊ စီရင်ချက်ချပြီး မစုစုနွေးအား အင်းစိန်ထောင်သို့ပို့ဆောင်လိုက် သည်။

မစုစုနွေး အမှုကို စီရင်ချက်ချသည့် ကော့မှူးမြို့နယ်တရားရုံး ပတ်ဝန်းကျင်တွင် ကော့မှူး၊ကွမ်းခြံကုန်း၊ တွံတေး၊ ဒလ စသည့် မြို့နယ်များမှ ရဲတပ်ဖွဲ့ဝင်များ၊ ကြံ့ဖွံ့၊ စွမ်းအားရှင်၊ နယ်မြေခံ ရပ်ရွာလုံခြုံရေးအဖွဲ့များ စုစုပေါင်းအင်အား ၂၀၀ ခန့်က နံနက် ၉ နာရီဝန်းကျင် အချိန်မှ စတင်ပြီး အဆင်သင့်လုံခြုံရေးတာဝန်ယူထားခဲ့သည်ဟု ကော့မှူးမြို့နယ် အဖွဲ့ချုပ် အဖွဲ့ဝင်လူငယ်တစ်ဦးကပြောသည်။

ကော့မှူးမြို့နယ်တရားရုံးသို့ မစုစုနွေးကို စာနာထောက်ထား၍ ကြည့်ရှုအားပေးရန် ရန်ကုန်မှ (၈၈)ကျောင်းသားခေါင်းဆောင်များဖြစ်သည့် ကိုမင်းကိုနိုင်၊ ကိုကိုကြီး ကိုဇော်မင်း အပါအဝင် ၁၀ ဦးခန့်နှင့်  အဖွဲ့ချုပ်လူငယ်များ၊ အဖွဲ့ချုပ် အဖွဲ့ဝင်များနှင့် ဒေသခံလူထု  စုစုပေါင်း လူ ၁၀၀ ခန့်လာရောက်ကာ တရားရုံးစီရင်ချက်ကို ကြားနာခဲ့ကြသည်။

ထန်းမနိုင်ရွာသူ မစုစုနွေးနှင့် ရွာသား ကိုအောင်ဇင်မိုးတို့ နှစ်ဦးက ထန်းမနိုင်နှင့် မြစန္ဒီကျေးရွာသို့ ကားလမ်းဖောက်လုပ်ရန် ရွာသားများကို အဓမ္မခိုင်းစေသည့် ယရက ဥက္ကဌနှင့်အဖွဲ့ဝင်များကို ယမန်နှစ်က တရားစွဲဆိုခဲ့ရာ ယခုနှစ် ဇန္နဝါရီလကုန်တွင် ကျေးရွာအာဏာပိုင်များ ထောင်ဒဏ်အသီးသီးကျခံခဲ့ရသည်။

ထို့ကိစ္စကို ခရိုင်၊ မြို့နယ် အာဏာပိုင်များက အငြိုးအတေးထားကာ မစုစုနွေးကို တရားပြန်လည်စွဲဆိုရန် (၅)ကြိမ်တိုင်တိုင် အစည်းအဝေးပြုလုပ်ပြီး ထန်းမနိုင်ရွာ ရယက ဥက္ကာသစ် ဦးကျော်လွင်ကို  ဖိအားပေးခိုင်းစေခဲ့ခြင်းဖြစ်ကြောင်း ဒေသခံများက ပြောသည်။

ထို့ပြင် မစုစုနွေးဘက်မှ လိုက်ပါခဲ့သည့် သက်သေ (၃)ဦး၏ နေအိမ်များကို လည်း ဖျက်သိမ်းရန် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မယက) က ပြီးခဲ့သည့် ဇွန်လ ၁၃ရက်နေ့တွင် မြို့နယ်တရားရုံး၌ ထွက်ဆိုခဲ့သည်။ အမှုရင်ဆိုင်နေရစဉ်ကာလအတွင်း အာဏာပိုင်များ၏ လူမှုရေးအပါအဝင် ဖိနှိပ်မှုအမျိုးမျိုးကို မစုစုနွေး ခံခဲ့ရကြောင်း သတင်းများထွက်ပေါ်ခဲ့သည်။

မစုစုနွေးကို တရားသူကြီးဒေါ်ဌေးဌေးဝင်းက ထောင်ဒဏ် အပြစ်ပေးလိုက်သည့်အမိန့်အတွက် တရာရုံးစီရင်ချက်ကို လာရောက်နား ထောင်သူများစိတ်ထိခိုက်ငိုကြွေးကြကြောင်း ထိုအထဲမှ ဒေသခံအမျိုးသမီးတစ်ဦးဆိုလျှင် ငိုကြွေးရင်း သတိလစ်သွားခဲ့သည်အထိ စိတ်ထိခိုက်ခဲ့သည်ဟု ဒေသခံ ပြည်သူတစ်ဦးကပြောသည်။

မစုစုနွေးသည် နှလုံးရောဂါသည်တစ်ဦးဖြစ်ပြီးနေ့စဉ်ပုံမှန် ဆေးဝါးမှီဝဲနေရကြောင်းနှင့် အမှုစီရင်ချိန်တွင်လည်း ကျန်းမာရေးအခြေအနေမကောင်းကြောင်း၊ နောက်နေ့တွင် ထောင်ဝင်စာသွားတွေ့ကြမည်ဖြစ်ပြီး တွေ့ခွင့် ရမရ အတွက် စိုးရိမ်ကြောင်း ရန်ကုန် (NLD)အဖွဲ့ချုပ်လူငယ်များက ပြောသည်။

မြန်မာနိုင်ငံတွင် ကျေးရွာသားများက အဓမ္မလုပ်အားပေးခိုင်းစေသည့် အာဏာပိုင်များကို တရားစွဲဆိုမှုများ ဆက်တိုက် ဖြစ်ပေါ်လာသော်လည်း အဆိုပါ တရားစွဲဆိုသူများနှင့် ၎င်းတို့ဖက်မှ သက်သေလိုက်၍ ကူညီဆောင်ရွက်ပေးသူများကို အာဏာပိုင်များက အမှုဆင်ကာ ပြန်လည်တရားစွဲခဲ့ပြီး အာဏာအလွဲသုံးစားပြု ဖိနှိပ် ခြိမ်းခြောက်မှုများပြုလုပ်လျက်ရှိသည်။

## မစုစုနွေး ကျန်းမာရေးအတွက် အင်းစိန်ထောင်တွင်း ဆေးဝါးသွင်းခွင့်မရ

အောက်တိုဘာ ၂၄၊ ၂၀၀၅ ရိုးမ ၃ သတင်းဌာန။

အင်းစိန်ထောင်တွင်း မ ကျတိုက်သစ် အခန်း (၈)တွင် ချုပ်နှောင်ခံနေရသည့် ထန်းမနိုင်ရွာသူ မစုစုနွေး၏ ကျန်းမာရေး အတွက် ပြင်ပမှ ဆေးဝါးပေးသွင်းဖို့ အာဏာပိုင်များက ခွင့်မပြုကြောင်း ရန်ကုန်တိုင်း အဖွဲ့ချုပ် လူငယ် တစ်ဦးက ပြောသည်။

ကျေးရွာအာဏာပိုင်များက ၎င်းတို့ကို ဆဲဆိုခြိမ်းခြောက်သည်ဟု စွပ်စွဲကာ မစုစုနွေးကို တရားစွဲဆိုခဲ့သည့် အမှုကို ၁၃၊ ၁၀၊ ၂၀၀၅ နေ့တွင် ကော့မှူးမြို့နယ် တရားရုံးမှ တရားသူကြီးဒေါ်ဌေးဌေးဝင်းက ထောင်ဒဏ် တစ်နှစ်ခွဲ စီရင်ချမှတ်ခဲ့ခြင်းကြောင့် ယခုအခါ မစုစုနွေးသည် အင်းစိန်ထောင်တွင်း အကျဉ်းကျ ခံနေရခြင်း ဖြစ်သည်။

"ထောင်စည်းကမ်းအရ ထောင်မှူး၊ ထောင်ပိုင်၊ ထောင်ဆရာဝန် တို့ရဲ့ ခွင့်ပြုမိန့်မရှိဘဲ အပြင်က ဆေးသွင်းခွင့် မရဘူး။ သူထောင်ထဲရောက်ပြီး နောက်တရက် နှစ်ရက်အကြာမှာ ကျမတို့ (ICRC) ကိုလည်း သွားပြောထား တယ်။ ဝင်ကြည့်ပေးဘို့ပေါ့ နောက်ပြီး ၁၈–၁၀–၀၅ နေ့ကလည်းနောက်တစ်ကြိမ်ထပ်ပြီး သွားပြော ထားတယ်။ သူတို့ကတော့သွားဝင်ကြည့်မယ်လို့ပြောတာပဲ။ ထောင်ကခွင့်ပြုတဲ့ ဆေးစာရွက်ကို အမြန်လိုချင်နေကြတယ်"ဟု အမည်မဖော်လိုသူ အမျိုးသမီးတဦး ကပြောသည်။

အကျဉ်းထောင်အတွင်း မစုစုနွေးကျန်းမာရေးအတွက် သူမနှင့် နီးစပ်သည့်အသိုင်းအဝိုင်းမှ ဆေးဝါးသွင်းခွင့်ရယူလို–က ခြင်းမှာ မစုစုနွေးသည် နှလုံးရောဂါသည်တစ်ဦးဖြစ်ပြီး ပြင်ပတွင် နေ့စဉ်ဆေးဝါး မှီဝဲသောက်သုံးနေရသည့် လူနာတစ်ဦးဖြစ်သည်။ သူမ လက်ရှိ အကျဉ်းကျခံနေရသည့် အင်းစိန်ထောင်တွင်း အခန်းသည် သူမကျန်းမာရေးကို ပိုမိုဆိုးဝါးစေနိုင်သည့် အခြေအနေနှင့် ရင်ဆိုင်နေရသည်။

"အဲဒီတိုက်သစ်မှာ အခန်းပေါင်း (၁၀) ခန်းရှိတယ် ယခင်က အဲဒီ အခန်း (၈) ဟာ စတိုခန်းလုပ်ထားတဲ့အ ခန်းဘဲ စုစုနွေး ရောက်တော့မှ အခန်းထဲကပစ္စည်းတွေကို ရွှေ့ပြီးသူ့ကိုအဲဒီအခန်းမှာထားတာ နောက်ပြီး အဲဒီအခန်း ကသိပ်မှောင်လွန်းတယ် လေကောင်းလေသန့် လဲမရဘူး နေရောင်လဲသိပ်မရဘူး ဒီဘက်က အခန်း၁၊၂၊ ၃၊ ၄ ၊ ၅ တို့ကပိတ်ကွယ်ထားသလိုဖြစ်နေတယ်၊ သူ့ကျန်းမာရေးနဲ့ဆို လုံးဝမထားသင့်တဲ့အခန်းဘဲ" ဟု အင်းစိန်ထောင် တွင်း အကျဉ်းကျခံခဲ့ရဘူးသည့် လူငယ်တဦးကပြောသည်။

ထို့ပြင် နာမည်ဆိုးနှင့်ကျော်ကြားလှသည့် အင်းစိန်ထောင်တွင်း ဝန်ထမ်းများ၏ ထောင်ကျအကျဉ်းသား တွေအပေါ် ဆက်ဆံရေးညံ့ဖျင်းမှု ၊ နေရောင်မရ၊ လေမရသည့် အခန်းအတွင်းထားရှိမှု အခန်းတွင်းမှ ပြင်ပ ထွက်ခွင့်ကို မနက် တစ်ကြိမ် ညနေတကြိမ်သာရရှိသည့် အခြေအနေအောက်တွင် မစုစုနွေးကျန်းမာရေးအတွက် စိုးရိမ်စရာကောင်း ကြောင်း ရန်ကုန်အသိုင်းအဝိုင်းကပြောဆိုနေကြသည်။

မစုစုနွေးသည် နိုင်ငံတကာ စံချိန်စံညွှန်းများအတိုင်း တရားမျှတစွာ စစ်ဆေးစီရင်ခြင်းမခံခဲ့ရသည့်အချက်ကို အခြေခံပြီး နိုင်ငံရေးအကျဉ်းသမားများကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ)က ကုလသမဂ္ဂအဖွဲ့အစည်း တစ်ခုဖြစ်သည့် မတရားသဖြင့် ဖမ်းဆီးထိန်းသိမ်းခြင်းဆိုင်ရာလုပ်ငန်းအဖွဲ့ **(UNWGAD)**ထံ မစုစုနွေး အမှု တွဲကို တင်သွင်းရာတွင် သူမ၏ ကျန်းမာရေးအခြေအနေအရ အရေးကြီးအဆင့်အဖြစ် သတ်မှတ်စစ်ဆေးပေး ရန် (၁၇၊ ၁၀၏ ၂၀၀၅)ရက်နေ့ က တောင်းဆိုတင်ပြထားသည်။